ဇွန် (၁၉)

## ယေရှုသည်တံခါးဖြစ်သည်။

**ကယ်**တင်ခြင်း၏ တံခါးဖြစ်သော သခင်ယေရှုကို သင်ဖြတ်ကျော်ခါ သူ၌ဘဝအသက်တာသစ်၏ ကောင်းကင်ဘုံနှင့်ဆိုင်သော ကမ္ဘာထဲဝင်ရောက်ပြီး ခဲ့ပြီလား? ထိုနေရာထဲသို့ သင်ဝင်ရောက်နိုင်သည်။ ၎င်းက အံ့သြဖွယ်ရာ နေရာပင်ဖြစ်ရာ အမှောင်ထုတွင်းမှ အလင်းသို့ သေခြင်းမှ အသက်သို့ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ ဂရုဏာတော်နှင့် ယေရှု၌ကယ်တင်ခြင်းတို့အားဖြင့် ဝင်ရောက်လာခဲ့ခြင်းနှင့်တူသည်။

သခင်ယေရှုက မိမိကိုယ်ကို တံခါးဟုခေါ်ဆိုခဲ့သည်။ (ယော ၁၀း၇-၉) "ရှုလော့ ..... ငါသည် ငါအဖအိမ်တော်ထဲသို့ သင်ဝင်ရောက်ရန် ဖြတ်သန်းရမည့် တံခါးပင်ဖြစ်သည်။ ငါအားဖြင့်မှလွဲ၍ အခြားဝင်ပေါက်လုံးဝမရှိ"

သခင်ယေရှုသည် ဖွင့်ထားသောတံခါးဖြစ်၍ သော့ခတ်ထားသောတံခါး သို့မဟုတ် ပိတ်ထားသောတံခါးပင်မဟုတ်။ သင့်အနေနှင့် တံခါးလက်ကိုင်ဘုကို လှမ်းကိုင်ဖို့ပင်မလို။ တံခါးသာကျယ်ပြန့်စွာ ဖွင့်ထားလျက်ရှိနေသည်။ သင့်အနေနှင့် ထိုတံခါးကိုကြည့်ရှုခါ ၎င်းကသင့်အတွက် ဖွင့်ထားကြောင်းကို ယုံကြည်လျက်၊ ယုံကြည်ခြင်းဖြင့် ထိုတံခါးကိုဖြတ်သန်း ဝင်ရောက်ရန်သာဖြစ်၍ ထိုနောက်တွင် သင်သည် ကယ်တင်ခြင်းကို ခံရပြီဖြစ်သည်။ ထိုဖွင့်ထားသောတံခါးကို လျှောက်လှမ်းဖြတ်သန်း ဝင်ရောက်ရုံဖြင့် သင်သည်မြေကြီးပေါ် မှကောင်းကင်ဘုံနှင့် အနာဂတ်၏ကောင်းကင်ဘုံ ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သည့် ကယ်တင်ခြင်း၏ ကောင်းကင်ဘုံဆိုင်ရာ နယ်ပယ် ကိုဖြတ်သန်းဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။

ယေရှုခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းကို သင်ယုံကြည်ပြီး မိမိ၏ ကယ်တင်ရှင်အဖြစ် လက်ခံလိုက်သည်နှင့် တပြိုင်နက် သူသည်သင့်ကိုသိသလို သင်သည်လည်း သူ့ကိုသိကျွမ်းပြီး သူ၏တံခါးထံသို့ သင်လာသည့်အခါတိုင်း တံခါးသည် လုံးလုံးလျားလျား ဖွင့်ထားလျက်ရှိပြီး သူက "ကြိုဆိုပါတယ်။ ဝင်ခဲ့ပါ။ သင့်ကိုငါချစ်တယ်" ဟုပြောလိမ့်မည်။